## စီးပွားရေးဆိုင်ရာအခွင့်အရေး လွှဲပြောင်းခြင်းပြုသည့် မှတ်တမ်းများကို ပြင်ဆင်ပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (CR-8)

စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းပေးသူ သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရသူသည် စီးပွားရေးဆိုင်ရာအခွင့်အရေး လွှဲပြောင်းခြင်းပြုသည့် မှတ်တမ်းများကို ပြင်ဆင်ပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်လွှာပုံစံ (CR-8) ကို ပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်ထားရမည်။

**လျှောက်ထားသူ**

၁။ (က) လျှောက်ထားသူအမျိုးအစားအားရွေးချယ်၍ သက်ဆိုင်ရာ ☐ အကွက်တွင် အမှတ်အသား (✓) ပြုရမည်။

ဥပမာ -

လျှောက်ထားသူအမျိုးအစားမှာ -

စီးပွားရေးဆိုင်ရာအခွင့်အရေးကို - လွှဲပြောင်းပေးသူဖြစ်လျှင် ✓ **စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းပေးသူ**

စီးပွားရေးဆိုင်ရာအခွင့်အရေးကို - လွှဲပြောင်းပေးခြင်းခံရသူဖြစ်လျှင် ✓ **စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ**

(ခ) လျှောက်ထားသူနှင့်သက်ဆိုင်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ကက) အမည်/ အဖွဲ့အစည်းအမည်

ဥပမာ- ***ဦးဖြူ/ Orange ကုမ္ပဏီလီမိတက်***

(ခခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ- ***၉/ပမန(နိုင်)၁၂၃၄၅၆***

(ဂဂ) အဖွဲ့အစည်း(ကုမ္ပဏီ)ဖြစ်ပါက အဖွဲ့အစည်း(ကုမ္ပဏီ)မှတ်ပုံတင်အမှတ်

ဥပမာ-***202312345678***

(ဃဃ) နိုင်ငံသား

ဥပမာ - ***မြန်မာ***

(ငင) အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

ဥပမာ - ***မြန်မာနိုင်ငံ***

(စစ) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ - ***အမှတ်(၅၄)၊ ရတနာလမ်း၊ ဗလသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။***

(ဆဆ) နိုင်ငံ

ဥပမာ - ***မြန်မာနိုင်ငံ***

(ဇဇ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

